# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 17, 2019 Volume 23, Number 12


**၁၇.၉.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၇ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၈၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၅/ကျပ် |
| CBM Rate | = ၁၅၃၄.၁/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၉.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၄.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၀၃.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၈.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၈.၈ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၂၃ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၂၀၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## ချင်းပြည်နယ်၌ ရေအားလျှပ်စစ်ထုတ်ရန် တရုတ်ကုမ္ပဏီ ၂ ခု ရင်းနှီးမြှုပ်နှံမည်

ချင်းပြည်နယ်တွင် ရေအားလျှပ်စစ်ထုတ်လုပ်ရန် တရုတ်ကုမ္ပဏီ ၂ ခု ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရ လျှပ်စစ်၊ စက်မှုလက်မှု နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုးထက်က ရေဝတီသို့ပြောသည်။ ဦးစိုးထက်က ချင်းပြည်နယ်မှာ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် ရေအားလျှပ်စစ် ထုတ်ဖို့ တရုတ်ကုမ္ပဏီ ၂ ခုနဲ့ လက်မှတ်ထိုးပါတယ်ဟု ပြောပြ သည်။ ယင်းသို့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက် နေပြည်တော်ရှိ MICC 2 တွင် စက်တင်ဘာ ၁၀ ရက်က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီး ဌာန မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဟောင်ကောင်အခြေစိုက် Euromoney Institutional Investor (Asia) တို့ ပူးပေါင်းကျင်းပသည့် Myanmar Global Investment Forum ပွဲတွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် လက်မှတ်ရေးထိုးခဲ့သည့် တရုတ်ကုမ္ပဏီ ၂ ခုမှာ Yunnan YEIG ကုမ္ပဏီနှင့် Yuanta Construction Group ကုမ္ပဏီတို့ ဖြစ်ပြီး ရေအားလျှပ်စစ် စီမံကိန်း အလတ်စား ၃ ခုနှင့် အသေးစား ၈ ခု စုစုပေါင်း ၁၁ ခု တည်ဆောက်နိုင်ရန်အတွက် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ဦးစိုးထက်က အခု MOU ထိုးတာ ကျနော်တို့က ၁ နှစ် အချိန်ပေးထားတယ်ခင်ဗျ။ ၁ နှစ်ပြည့်တဲ့အချိန်မှာ စီမံကိန်းအသေးစိတ် Report ပြန်တင်ရမှာပါ။ နေရာတွေ ကတော့ ထန်တလန်၊ တီးတိန်၊ တွန်းဇံမြို့နယ် ၃ ခုလောက်ပါတယ်။ ၃၀ မဂ္ဂါဝပ် အောက်က ထန်တလန် မှာ ၂ ခု၊ တီးတိန်မှာ ၁ ခု ပါမယ်။ ထန်တလန်မှာဆိုရင် ဘွေနူးမြစ်ပေါ်ဆောက်မှာဖြစ်ပါတယ်။ အဲဒီမြစ်ပေါ်မှာ မဂ္ဂါဝပ် ၃၀၊ တချို့ကျတော့လည်း ၂ ခုလောက်ပဲရှိတယ်။ တချို့ကျတော့လည်း ၁၀ မဂ္ဂါဝပ်လောက်ပေါ့။ ကျနော်တို့က အသေးစားနှင့်အလတ်စားပဲ လုပ်ခွင့်ရှိပါတယ်ဟုပြောဆိုသည်။ လက်ရှိ အချိန်မှာ မိုးရာသီဖြစ်နေသည့်အတွက် လာမည့်ပွင့်လင်းရာသီ အောက်တိုဘာ၊ နိုဝင်ဘာလတွင် စီမံကိန်းအတွက် ကွင်းဆင်းလေ့လာမှုများ စတင်နိုင်မည် ဖြစ်ကြောင်းသိရသည်။ အဆိုပါတည်ဆောက်ရေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမည့် တန်ဖိုးငွေမှာ အမေရိကန်ဒေါ်လာ ၅၇ သန်းဖြစ်ကြောင်း ဦးစိုးထက်ကပြောသည်။ ရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် သုည မှ ၁၀ မဂ္ဂါဝပ်အထိကို အသေးစား ထုတ်လုပ်မှုဟု သတ်မှတ်ထားပြီး ၁၀ မဂ္ဂါဝပ် မှ ၃၀ မဂ္ဂါဝပ်အထိကို အလတ်စား သတ်မှတ်ထားကြောင်း ၎င်းကရှင်းပြသည်။

ထိုသို့ လက်မှတ်ရေးထိုးပြီးသော်လည်း လုပ်ငန်းစတင်နိုင်ရန်အတွက် အချိန်ယူ၍ ဆောင်ရွက်မှုများပြုလုပ်ရကြောင်း၊ ချင်းပြည်နယ်သည် တောင်ပေါ်ဒေသ ဖြစ်သည့်အတွက် ရေအားမှာ မိုးတွင်းနှင့်နွေရာသီ၊ ဆောင်းရာသီမတူညီကြောင်း မြေပြင်စစ်ဆေးသည့် ဆောင်ရွက်ချက်များအတွက် ဆောက်လုပ်ရေးအင်ဂျင်နီယာ များ စမ်းသပ်ရန်အတွက် အချိန်ပေးရကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်း


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

လျှန်လွယ်က ရောဝတီသို့ပြောသည်။ ဝန်ကြီးချုပ်က ဒီလိုမတူညီတာကြောင့် မြေပြင်စစ်ဆေးမှုတွေကို ၁ နှစ်လုံး လိုက်လျော ပေးရတာလည်းရှိပါတယ်။ ခွင့်ပြုပေးရပါတယ်ဟုပြောပြသည်။ မဂ္ဂါဝပ် ၃၀ ထက်ကျော်ပြီး ထုတ်လုပ်မည်ဆိုပါက ပြည်နယ်၏ ဆုံးဖြတ်၍မရသဖြင့် ပြည်ထောင်စုအဆင့်သို့ တင်ပြရကြောင်း ဦးဆလိုင်းလျှန်လွယ်က ဆက်လက်ပြောဆိုသည်။ လက်ရှိမှာ ချင်းပြည်နယ်တွင် လျှပ်စစ်ဓာတ်အားလွှမ်းခြုံမှု ၂၈ ရာခိုင်နှုန်းသာ လွှမ်းခြုံနိုင်သေးကြောင်း ယခု စာချုပ်ချုပ်ထားသည့် နေရာ ၁၁ ခုမှ လျှပ်စစ် မဂ္ဂါဝပ် ၁၅၀ နီးပါး ထွက်ရှိမည ဖြစ်ကြောင်း ဦးစိုးထက်ကပြောသည်။

ချင်းပြည်နယ်တွင် မြို့နယ် ၉ ခု ရှိသည့်အနက် ဟားခါး ၊ ဖလမ်း၊ ထန်တလန်၊ ကန်ပက်လက်နှင့် မင်းတပ်မြို့များသာ လျှပ်စစ်မီးရရှိသေးကြောင်းသိရသည်။ တီးတိန်၊ တွန်းဇံ၊ မတူပီနှင့် ပလက်ဝမြို့များတွင် လျှပ်စစ်မီးမရောက်ရှိသေးသဖြင့် ဒီဇယ်ဖြင့် ည ၇ နာရီမှ ၉ နာရီ အထိ အချိန်ပိုင်းစနစ်ဖြင့် လျှပ်စစ်မီးပေးနေကြောင်း ချင်းပြည်နယ်အစိုးရထံကသိရသည်။ ချင်းပြည်နယ် ဖလမ်းမြို့ ဒေသခံတဦးဖြစ်သူ ဦးဇထန်းက မဟာဓာတ်အားလိုင်းနဲ့ ဝေးတဲ့ဒေသဆိုရင် လျှပ်စစ်မီးမရတာတွေ ရှိတယ်။ လျှပ်စစ်မီးမရသေးတဲ့နေရာတွေဆိုရင် ဒီဇယ်နဲ့မောင်းပေးရတယ်။ ဒါတောင် အစိုးရဝန်ထမ်းတွေကို အဓိက ထားပေး တာပေါ့။ အကုန်လုံးတော့မရဘူးဟု ရောဝတီကိုပြောသည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံတွင် အဆင်းရဲဆုံးပြည်နယ်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးအခက်အခဲနှင့် လျှပ်စစ်မီး အပြည့်အဝမရရှိခြင်းတို့ကြောင့် ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံနှင့် စီးပွားရေးလုပ်ငန်းများတွင် ဖွံ့ဖြိုး တိုးတက်မှုနောက်ကျနေသော ပြည်နယ်တခုဖြစ်သည်။ ချင်းပြည်နယ် အစိုးရအနေဖြင့် စီးပွားရေးဖိုရမ်သို့ တက်ရောက် လာစဉ် ချင်းပြည်နယ်လျှပ်စစ်မီးရရှိရေးအပြင် နိုင်ငံတကာသို့ ထိုးဖောက်နိုင်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများပါ ဆွေးနွေးခဲ့ကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ်ကပြောသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လက်ရှိတွင် ၄၄ ရာခိုင်နှုန်းကျော် လျှပ်စစ်မီးရရှိနေပြီး ၂၀၁၉ ခုနှစ် နှစ်ကုန်တွင် ၅၀ ရာခိုင်နှုန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်မီးလွှမ်းခြုံနိုင်ရန် အတွက် ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက လစဉ်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများကိုပြောသည်။

**Source: The Irrawaddy - Burmese Edition**

https://www.facebook.com/dootcheck.aleksander/posts/2351506228435987

## မလေးရှားမှတင်သွင်းသည့် စားအုန်းဆီများအပေါ် အိန္ဒိယအစိုးရက အခွန်တိုးမြှင့်ကောက်ခံမည်

အိန္ဒိယနိုင်ငံ၌ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ကုန်သွယ်မှုကုစားရေးဦးစီးဌာန (Directorate General of Trade Remedies – DGTR ) သည် မလေးရှားနိုင်ငံမှတင်သွင်းလျက်ရှိသော စားအုန်းဆီများအပေါ် အကောက်ခွန်တိုးမြှင့်ရန် ထောက်ခံတင်ပြသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတစ်စောင်ကို ၂၆.၈.၂၀၁၉နေ့တွင် တင်သွင်းခဲ့ပါသည်။ မလေးရှားနိုင်ငံမှထုတ်လုပ်သော အရောင်ချွတ်/အနံ့သတ် သန့်စင်ထားရှိသည့် စားအုန်းဆီခဲ (Palm oil) နှင့် စားအုန်းဆီချော (Palm olein)များအား ဈေးနှုန်းချိုသာစွာဖြင့် အများအပြားတင်သွင်းလျက်ရှိခြင်းက ပြည်တွင်းရှိ အလားတူ ကုန်ထုတ်လုပ်သူများအား ထိခိုက်နစ်နာမှုဖြစ်ပေါ်စေလျက်ရှိကြောင်း၊ သို့ဖြစ်၍ နှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် India–Malaysia Comprehensive Economic Cooperation Agreement (Bilateral Safeguard Measures) Rules,2017 အရ စစ်ဆေးဆောင်ရွက်ပေးစေလိုကြောင်းဖြင့် အိန္ဒိယ စားသုံးဆီထုတ်လုပ်သူများအသင်း၏ တောင်းဆိုမှုအပေါ် DGTR ဌာနက ၁၄.၈.၂၀၁၉ နေ့တွင် အမိန့်ကြော်ငြာစာထုတ်ပြန်လျက် စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံသို့ စားအုန်းဆီများတင်ပို့လျက်ရှိသည့် မလေးရှားနိုင်ငံရှိ ကုမ္ပဏီ ၁၂ ခုထံသို့ မေးခွန်းလွှာများပေးပို့၍ လေ့လာဆန်းစစ်မှုများ ပြုလုပ်ပြီးနောက် DGTR သည် အဆိုပါ မလေးရှားနိုင်ငံထုတ် စားအုန်းဆီ ၂ မျိုးအပေါ် ပြည်တွင်းလုပ်ငန်းရှင်များ အကာ အကွယ်ပေးရေး အခွန် (Safeguard duty) ကို ၅% တိုးမြှင့်ကောက်ခံရန် ထောက်ခံတင်ပြချက်ပါရှိသည့် အစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။ လက်ရှိကာလတွင် အိန္ဒိယအစိုးရသည် စားအုန်းဆီကြမ်း (Crude palm oil) တင်သွင်းမှုအပေါ် သွင်းကုန်အခွန် ၄၀% နှင့် စားအုန်းဆီချော (Refined palm oil) တင်သွင်းခြင်းအပေါ် သွင်းကုန်အခွန် ၅၀% ကောက်ခံရန် သတ်မှတ်ထားပါသည်။ သို့ရာတွင် မလေးရှားနိုင်ငံနှင့် လက်မှတ်ရေးထိုး ထားသည့် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (CECA)အရ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စတင်၍ စားအုန်းဆီချောတင်သွင်းမှုအား အခွန် ၄၅% သာ ကောက်ခံခဲ့ရာ ၇ လတာကာလအတွင်း တင်သွင်းမှုပမာဏ တစ်ဟုန်ထိုးမြင့်တက်လာမှုကို ကြုံတွေ့လာရခြင်းဖြစ်သည်။ DGTR ဌာန၏ အစီရင်ခံစာ၌ ဖော်ပြချက်အရ မလေးရှားနိုင်ငံထံမှ စားအုန်းဆီတင်သွင်းမှုသည် ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်တွင် ၆၂၆၃၆၂ တန်သာရှိခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ၆ လအတွင်း တင်သွင်းမှုမှာ ၂,၅၉၆,၂၂၅ တန်အထိ ရောက်ရှိလာရာ ၃၁၄% မြင့်တက်လာခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ မလေးရှားနိုင်ငံထံမှ စားအုန်းဆီတင်သွင်းမှုအပေါ်

လုပ်ငန်းရှင်များအကာအကွယ်ပေးရေး အခွန် ၅% ကို ရက်ပေါင်း ၁၈၀ ကြာ ထပ်ဆောင်းကောက်ခံရန် DGTR ဌာနက အကြံပြု ထားပြီး အစီရင်ခံစာပါအချက်များအပေါ် အကြံပြုချက်၊ သဘောထားမှတ်ချက်များပေးလိုပါက အစီရင်ခံစာထုတ်ပြန်သည့် နေ့မှ ၂၁ ရက်အတွင်းပေးပို့ရန်ဖြစ်ကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-အိန္ဒိယ**

## ၂၀၂၀ ပွင့်လင်းရာသီတွင် နန်ကျင်စက်မှုဇုန်နှင့် စီးပွားရေးဇုန်စီမံကိန်း စတင်အကောင်အထည်ဖော်ရန် ရည်မှန်း



လာမည့် ၂၀၂၀ ပွင့်လင်းရာသီတွင် နန်ကျင်စက်မှုဇုန်နှင့် စီးပွားရေးဇုန်စီမံကိန်းအား စတင်အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးဇေလင်းကဆိုသည်။ အဆိုပါ နန်ကျင်စက်မှုဇုန်နှင့် စီးပွားရေးဇုန်စီမံကိန်းသည် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်အတွင်းတည်ရှိပြီး ဧက (၄၇၀၀) ဝန်းကျင်ရှိ ယင်းစီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် ၂၀၁၈ ခုနှစ်အတွင်းက MoU ရေးထိုးထားပြီးဖြစ်ကြောင်းသိရသည်။ မြစ်ကြီးနားခရိုင်မှာ စီးပွားရေးဇုန်ကိုတည်ထောင်ဖို့အတွက် ဧက (၄၇၀၀) ရှိတဲ့ နန်ကျင်စက်မှုဇုန်၊ စီးပွားရေးဇုန်ကို ကျွန်တော်တို့ (၅)လပိုင်း (၈) ရက် ၂၀၁၈ ခုနှစ်မှာ MoU လက်မှတ်ရေးထိုးပြီး တော့မှ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်ရဲ့ စီမံကိန်းဟာ (၂၀၂၀) ပွင့်လင်းရာသီချိန်မှာ စတင်အကောင်အထည်ဖော်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့မှ (၁၅) ကီလိုမီတာ ကွာဝေးတဲ့နေရာမှာ ဒီစီမံကိန်းကြီးကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်ဟု ဦးဇေလင်းကဆိုသည်။

လက်ရှိအစိုးရအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် ကြိုးပမ်းလျက်ရှိရာ ကချင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံနိုင်မည့် လုပ်ငန်းများအား Plan ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းအင်အားကြီး တရုတ်နှင့်အိန္ဒိယနိုင်ငံများနှင့်ဆက်စပ်နေသည့် ကချင်ပြည်နယ်အနေဖြင့် စီးပွားရေးအလားအလာကောင်းများရှိနေသည်ဟု ဦးဇေလင်းကဆိုသည်။ ကချင်ပြည်နယ်အတွင်း တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့် လွယ်ဂျယ်နှင့်ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများရှိနေပြီး ယင်းကုန်သွယ်ရေးလမ်းကြောင်းများအပေါ်အခြေခံကာ ပြည်နယ်၏စီးပွားရေးဦးမော့လာစေရန် Plan များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ဗန်းမော်ခရိုင်မှာလည်း မိုးမောက်-လွယ်ဂျယ် (၄၇) မိုင်ကို BOT စနစ်နဲ့ အဆင့်မြှင့်တင်ဖို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း ခွင့်ပြုချက်ချပြီးဖြစ်တဲ့အတွက် အဲဒီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကြီးဟာ အဆင့်မြှင့်တဲ့လမ်းကြောင်း ကြီးဖြစ်မယ်ဆိုရင် ဗန်းမော်မှာလည်း စီးပွားရေးဇုန်တစ်ခုတည်ထောင်ဖို့အတွက် ကျွန်တော်တို့မျှော်မှန်းထားပါတယ်။ ရည်မှန်းထားပါတယ် ဦးဇေလင်းက ဆက်လက်ပြောသည်။

အလားတူ ရေခဲတောင်များတည်ရှိနေသည့် ပူတာအိုနှင့်ဟူးကောင်းဒေသအား ခရီးသွားလာရေးဇုန်များအဖြစ် အကောင်အထည်ဖော်ရန်စီစဉ်ထားပြီး မိုးညှင်းခရိုင်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ကာ နယ်နိမိတ်ချင်း ထိစပ်နေသည့်နိုင်ငံများသို့ ကုန်စည်များတင်ပို့နိုင်ရန် ရည်မှန်းထားကြောင်းသိရသည်။ ဦးဇေလင်းက ရေရှည်တည်တံ့ခိုင်မြဲတဲ့ စီးပွားရေးနဲ့ရပ်တည်နိုင်ရေးအတွက် ကျွန်တော်တို့ပြည်နယ် အစိုးရအဖွဲ့ဟာ ပြည်သူများနဲ့အတူလက်တွဲ၍ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်ဟုဆိုသည်။ ယင်းအပြင် မြို့နယ်အလိုက် မြို့ပြအိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်နိုင်ရန် စီစဉ်လျက်ရှိပြီး မြစ်ကြီးနား ဘူတာကြီးအား ဗဟိုစီးပွားရေးရပ်ဝန်းအဖြစ် အကောင်အထည်ဖော်ခြင်းနှင့် ကန်ပိုက်တီးနယ်စပ်စခန်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## အခွန်ဥပဒေသစ်တွင် ကျောက်စိမ်းအရိုင်းတုံးများအပေါ် အခွန်နှုန်းထားလျှော့ချရန်ပြင်ဆင်နေ



အောက်တိုဘာ ၁ ရက် စတင်မည့် ၂၀၁၉-၂၀ တွင် ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ကျောက်စိမ်းအရိုင်းတုံးများ တင်ပို့မည်ဆိုပါက အခွန် ၁၁ ရာခိုင်နှုန်း သတ်မှတ်ပေးနိုင်ရန် လွှတ်တော်ကစီစဉ်နေသည်။ အသစ်ပြဋ္ဌာန်းမည့် အခွန်အကောက်ဥပဒေတွင် ကျောက်စိမ်းအရိုင်းတုံးများ ပြည်ပသို့တင်ပို့ရောင်းချမည်ဆိုပါက ယခင်နှစ်များက အခွန် ၁၅ ရာခိုင်နှုန်းကောက်ခံနေခြင်းကို ၄ ရာခိုင်နှုန်း လျှော့ချပေးရန် အမျိုးသားလွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကော်မတီက သဘောတူဆုံးဖြတ်ထားကြောင်း ကော်မတီဝင် ဦးခင်မောင်မြင့်က ပြောသည်။ ကျောက်စိမ်းအရိုင်းတုံးတွေ အခွန်လျှော့ဖို့လုပ်ရတာက တရုတ်ကိုတရားမဝင်ပို့တာတွေ လျော့သွားအောင်လည်းပါတယ်ဟု ဦးခင်မောင်မြင့်ကပြောသည်။

မြန်မာနိုင်ငံတွင် ကျောက်စိမ်းအရိုင်းများရောင်းချမည်ဆိုပါက အခွန်ပေးဆောင်ရမှုများခြင်းကြောင့် နည်းလမ်းမျိုးစုံဖြင့် တရုတ်နိုင်ငံသို့သယ်ယူပြီး ပြပွဲများတွင် ရောင်းချလေ့ရှိသည်ဟု ၎င်းကဆိုသည်။ တရုတ်နိုင်ငံ၌ ပြပွဲများတွင် ရောင်းချမည်ဆိုပါက ၃ ရာခိုင်နှုန်းသာ အခွန်ကောက်မည်ဖြစ်သည်။ ကျောက်စိမ်းအရိုင်းတုံးပေါ် အခွန်ကောက်ခံမှုနှုန်းထား မြင့်မားခြင်းကြောင့် ပြည်တွင်း၌ပြုလုပ်သည့် ကျောက်မျက်ပြပွဲများတွင် ရောင်းချမှုလျော့နည်းလာသည်ဟု ကျောက်မျက်ကုန်သည်အချို့ကဆိုနေသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ ပတ္တမြား၊ နီလာ၊ စိန်၊ မြနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာအရိုင်းထည်များကို ၁၀ ရာခိုင်နှုန်း အခွန်ကောက်ခံသည်။ ကျောက်စိမ်းအပါအဝင် ပတ္တမြား၊ စိန်၊ မြနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာအချောထည်များကို အခွန် ၅ ရာခိုင်နှုန်းသာကောက်ခံသည်။

**Source:** https://7daydaily.com/story/166345

## ၁၂ နှစ်တာကာလအတွင်း ဗီယက်နမ်ဆန်ဈေး အနိမ့်ဆုံးသို့ကျဆင်း



ဆန်ဝယ်လိုအား ကျဆင်းနေတဲ့အတွက် ဒီတစ်ပတ်မှာတော့ ဗီယက်နမ်ဆန်ဈေးဟာ ၁၂ နှစ်တာကာလ အတွင်းမှာ အနိမ့်ဆုံးနှုန်းကို ကျဆင်းသွားခဲ့ပါတယ်။ အိန္ဒိယမှာတော့ ရူပီးဈေးတွေတက်နေတဲ့အတွက် အိန္ဒိယဆန်ဈေးလည်း တက်နေပါတယ်။ ဗီယက်နမ်ရဲ့ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါတဲ့ ငါးမှတ်ဆန်ကတော့ တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၂၅ ဒေါ်လာ အထိ ကျနေပြီး၊ ဒီဈေးနှုန်းဟာ ၂၀၀၇ ခုနှစ် နိုဝင်ဘာလကနေ ယနေ့အချိန်အထိ ကာလအတွင်းမှာ အနိမ့်ဆုံးနှုန်းကို ကျသွားတာလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်တုန်းကတော့ အဲဒီဆန် တစ်တန်ဟာ အမေရိကန်ဒေါ်လာ ၃၂၅ ကနေ ၃၃၀ ဝန်းကျင်မှာ ရှိနေခဲ့ပါတယ်။ စာချုပ်အသစ်တွေ ထပ်မချုပ်တာရယ်၊ ဖိလစ်ပိုင်က အဝယ်ကျသွားတာရယ်၊ ဆန်ဝယ်လက်ကြီးတွေ အနေနဲ့ လည်း ပြည်တွင်း လယ်သမားတွေကို အကူအညီပေးဖို့အတွက် ဆန်ဝယ်ယူ တင်သွင်းမှုကို လျှော့ချလာနိုင်တယ်လို့ ခန့်မှန်းထားတာတွေကြောင့် ဗီယက်နမ်ဈေးကွက်က ငြိမ်သွားပါတယ်။

ဈေးနှုန်းကလည်း ဒီနှစ်အစောပိုင်းနဲ့ ယှဉ်လိုက်ရင် ၁၃ ရာခိုင်နှုန်း လောက်ကျသွားတယ်။ ဒီတစ်ပတ်မှာလည်း ဝယ်လိုအားက ကျနေတုန်းပဲလို့ ဟိုချီမင်းမြို့ အခြေစိုက် ကုန်သည် တစ်ဦးက ပြောပါတယ်။ လက်ရှိမှာတော့ စက်တင်ဘာ ၁ ရက်ကနေ ၁၅ ရက်အတွင်း ဟိုချီမင်းဆိပ်ကမ်းတွေမှာ ဆန်တန်ချိန် ၈၂၄၅၀ ခန့် သင်္ဘောတင်ဖို့စီစဉ်ထားပြီး၊ အများစုဟာ အာဖရိကနဲ့ ဖိလစ်ပိုင်ကုန်သည်တွေဆီကိုပို့မှာပါ။

ဆန်တင်ပို့မှု အများဆုံးရှိတဲ့ အိန္ဒိယနိုင်ငံရဲ့ ၅ မှတ်ဆန်ကတော့ ပြီးခဲ့တဲ့ သတင်းပတ်မှာ အမေရိကန်ဒေါ်လာ ၃၆၉ ဒေါ်လာကနေ ၃၇၄ ဒေါ်လာဝန်းကျင်ရှိနေရာကနေ အခုအခါမှာတော့ တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၇၀ ကနေ ၃၇၆ အထိ တက်လာပါတယ်။ ဒါဟာ အာဖရိကနိုင်ငံတွေက ဝယ်လိုအား များလာတာရယ်၊ ရူပီး ဈေး တက်လာတာရယ်ကြောင့်ပါ။ ပြည်တွင်းမှာလည်း စပါးအဝင်နည်းနေပြီး ဈေးကလည်းမာနေတော့ ဆန်တင်ပို့တဲ့ ကုန်သည်တွေအနေနဲ့ဈေးတင်ပြီး ပို့နေရတယ်လို့ အန္ဒရာပရာဒက်ရှ်ပြည်နယ်က ကာကီနာဒါမြို့ အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

ဒီတစ်ပတ်ကြာသပတေးနေမှာ ရှုပီးဈေးဟာ သုံးပတ်တာကာလအတွင်း အမြင့်ဆုံးကိုရောက်သွားပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ဧပြီကနေ ဇူလိုင်လအတွင်း ဆန်တင်ပို့မှုဟာ ဆန်တန်ချိန် ၃ဒသမ၁၄ သန်း တင်ပို့ခဲ့ပြီး၊ ပြီးခဲ့တဲ့နှစ်ကထက် ၂၆ဒသမ၅ ရာခိုင်နှုန်းတက်လာခဲ့ပါတယ်။

ထိုင်းနိုင်ငံမှာတော့ ငါးမှတ်ဆန်ဈေးဟာ ဒီသီတင်းပတ်မှာ ဆန်တန်ချိန်တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၀၀ ကနေ ၄၁၈ ဒေါ်လာကို ကျသွားပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်ကတော့ အမေရိကန်ဒေါ်လာ ၄၁၀ ကနေ ၄၂၂ ကြားထိ ရှိခဲ့ပါတယ်။ ရိတ်သိမ်းရာသီအပြီးမှာ ပြီးခဲ့တဲ့လက ဈေးကွက်ထဲကို ဆန်တွေအသစ်ဝင်လာတယ်။ ဒါပေမယ့် ဝယ်လိုအားနည်းတဲ့အတွက် ဈေးတွေကျနေတယ်လို့ ဘန်ကောက်အခြေစိုက် ကုန်သည်တစ်ဦးကဆိုပါတယ်။ ဒါပေမယ့် ဆန်အဓိကစိုက်ပျိုးတဲ့ဒေသမှာ လပေါင်းများစွာမိုးခေါင်ခဲ့ပြီးတဲ့နောက် ပြီးခဲ့တဲ့ပိုဒူးမုန်တိုင်းကြောင့် စိုက်ဧကပေါင်း ဟက်တာနှစ်သိန်းခွဲနီးပါးလောက် ပျက်စီးသွားတဲ့အတွက် ဆန်အထွက်နှုန်းကျမှာကို စိုးရိမ်နေကြပါတယ်။ မိုးခေါင်တာရယ်၊ ရေကြီးတာရယ်ကြောင့် ဆန်အထွက်နှုန်းကျနိုင်တဲ့အတွက် နောင်မှာဈေးတွေတက်လာနိုင်တယ်။ ဒါပေမယ့် အခုလိုဈေးကျနေတာတောင် ထိုင်းဆန်ဈေးက ဗီယက်နမ်နဲ့ထိုင်းဆန်ဈေးထက် များနေသေးတယ်လို့ အခြားကုန်သည်တစ်ဦးကဆိုပါတယ်။ ဘတ်ငွေဈေးမြင့်နေတာကြောင့် ထိုင်းဆန်ဈေးတွေက ပြိုင်ဘက်နိုင်ငံတွေရဲ့ ဆန်ဈေးထက်မြင့်နေတဲ့အတွက် ထိုင်းကုန်သည်တွေက အခက်ကြုံနေရပါတယ်။ ထိုင်းဆန်ဈေးက ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၀၉ ဒေါ်လာ ဝန်းကျင်ရှိနေတဲ့အတွက် ၂၀၁၈ ခုနှစ် ဇွန်လကနေ အခုအချိန်အထိ အမြင့်ဆုံးနီးပါးဖြစ်နေပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံကတော့ ရေကြီးမှုဒဏ်ကို တော်တော်လေးခံခဲ့ရတာကနေ ပြန်ပြီးသက်သာလာချိန်မှာ ဒီလ အတွင်းမှာပဲ ရေကြီးရေလျှံမှုတွေဖြစ်နိုင်တယ်လို့ မိုးလေဝသဌာနက ခန့်မှန်းထားတဲ့အတွက် သီးနှံတွေထပ်ဆုံးရှုံးရနိုင်ချေရှိနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းကဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှုတွေက ဆန်တန်ချိန် လေးသိန်းလောက်ထွက်နိုင်တဲ့ ပမာဏလောက်ကို ပျက်စီးစေခဲ့ပါတယ်။

**Source:BangkokPost**

https://www.facebook.com/SFJWeekly/posts/2659753007445308?__tn__=K-R

## လာမည့်နှစ်တွင် တရုတ်နိုင်ငံသို့ ဆန်တန်ချိန်နှစ်သိန်းခွဲ တရားဝင်တင်ပို့နိုင်ရေး ဆောင်ရွက်မည်ဟု MRF ဥက္ကဌပြော




လာမည့်နှစ်တွင် တရုတ်နိုင်ငံသို့ တရားဝင်ခွဲတမ်းဖြင့် ဆန်တန်ချိန် နှစ်သိန်းခွဲခန့် တိုးမြှင့်တင်ပို့နိုင်ရန်စီစဉ်မည်ဟု မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဥက္ကဌ ဦးရဲမင်းအောင်ကပြောသည်။ ယခုနှစ်တွင် တရုတ်နိုင်ငံသို့ တရားဝင်ဆန်တန်ချိန် တစ်သိန်းတင်ပို့မည်ဖြစ်ပြီး လာမည့်နှစ်၌ တန်ချိန် တိုးမြှင့်တင်ပို့နိုင်ရန် မြန်မာ့ဆန်ကိုဝယ်ယူသည့် တရုတ် COFCO ကုမ္ပဏီက ဆန်အမျိုးအစား ခွဲခြားသတ်မှတ်ပေးရန် တောင်းဆိုထားသည်ဟု ၎င်းကပြောသည်။ ဆန်အမျိုးအစားအလိုက် ရောင်းဖို့ကို သူတို့ဘက်က အဆိုပြုလာတယ်ဟု ဦးရဲမင်းအောင်ကပြောသည်။ ထို့ကြောင့် တရုတ်နိုင်ငံက နှစ်သက်သည့် ဆန်အမျိုးအစားဖြစ်သော ဧစိန်ရာကျော်၊ ဆင်းသုခ၊ မော်ဘီနှင့် ရက် ၉၀ အုပ်စုများကို အဓိကတင်ပို့နိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က စီစဉ်နေသည်။

ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ တရားဝင်ခွဲတမ်းဖြင့် ဆန်ရောင်းချရာတွင် လက်ရှိ၌ ဆန်တန်ချိန် ရှစ်သောင်းရှစ်ထောင့်ငါးရာအတွက် စာချုပ်ချုပ်ဆိုထားသည်။ တန်ချိန်တစ်သိန်းကို ယခုနှစ်ကုန်ချိန်တွင် အပြီးရောင်းချမည်ဖြစ်သည်။ တရုတ်အစိုးရ၏ တရားဝင်ခွဲတမ်းဖြင့် တင်ပို့ခြင်းသည် အခွန်သက်သာခွင့်ရရှိသဖြင့် တင်ပို့သည့်ကုမ္ပဏီများနှင့် ရောင်းချသူများအတွက် အကျိုးများသည်ဟု ပြည်ပသို့ ဆန်တင်ပို့နေသူအချို့က ပြောသည်။ ယခုနှစ်တွင် နယ်စပ်မှတရုတ်နိုင်ငံသို့ ဆန်ရောင်းချမှုများစွာ လျော့ကျလာချိန်တွင် ပြည်တွင်းကုန်သည်များက တရားဝင်အခွန်ဆောင်ပြီး တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ ဆန်ရောင်းချနေသည်။ အစိုးရက ခွဲတမ်းသတ်မှတ်ပေးထားခြင်းမရှိလျှင် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ပါက အခွန် ၅၀ ရာခိုင်နှုန်းကျော် ပေးဆောင်ရသည်။

လက်ရှိတွင် ယူနန်အစိုးရက တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးခေါင်းစဉ်ဖြင့် နယ်စပ်မှ ဆန်တင်သွင်းမှုကို တင်းကျပ်စွာတားဆီးပြီး ဆန်တန်ချိန်အနည်းငယ်သာ ခွင့်ပြုမိန့်ဖြင့် တင်သွင်းခွင့်ပေးထားသည်။ ယူနန်အစိုးရက တစ်ရက်လျှင် ဆန်အိတ်နှစ်သောင်း (တန်ချိန်တစ်ထောင်) သာခွင့်ပြုသဖြင့် ယခုဘဏ္ဍာနှစ် ၁၁ လအတွင်း နယ်စပ်မှ ဆန်နှင့်ဆန်ကွဲတန်ချိန် ခြောက်သိန်းကျော်သာ တင်ပို့နိုင်သည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် နယ်စပ်မှ ဆန်တင်ပို့မှု တန်ချိန် ၁ ဒသမ ၉ သန်းကျော်ရှိခဲ့သည်။

**Source:** https://7daydaily.com/story/166251

## ချောင်းဦးနှင့်ဘုတလင်တွင် ခရမ်းချဉ် တန်ဖိုးမြင့်ထုတ်ကုန် သင်တန်းပို့ချမည်

မုံရွာခရိုင် ချောင်းဦးနှင့်ဘုတလင်တွင် ခရမ်းချဉ်တန်ဖိုးမြင့် ထုတ်ကုန်ထုတ်လုပ်ခြင်း သင်တန်းပို့ချမည် ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးကပြောသည်။ မဲခေါင်-လန်ချန်းစီမံကိန်း၏ ဟင်းသီးဟင်းရွက်သစ်သီးဝလံများ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်ခြင်း နည်းပညာပေး အစီအစဉ်အရ စိုက်ပျိုးရေးဦးစီးဌာနသည် ခရမ်းချဉ်တန်ဖိုးမြင့် ထုတ်ကုန်ထုတ်လုပ်ခြင်း သင်တန်း ကို ချောင်းဦးမြို့နယ် ဘူတာကျေးရွာတွင် စက်တင်ဘာ ၁၈ ရက်နှင့် ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာ၌ စက်တင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

ခရမ်းချဉ်စိုက်တောင်သူများအနေဖြင့် အသီးအတိုင်းရောင်းချပါက GAP (စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ) စနစ်ဖြင့်စိုက်ပျိုးလျှင် ရေရှည်တည်တံ့ခိုင်မာသော ဈေးကွက်ရရှိနိုင်ပြီး ဒေသခံတောင်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ခရမ်းချဉ်သီးယို၊ ခရမ်းချဉ်သီးအနှစ်၊ ခရမ်းချဉ်သီး စားသောက်ကုန်များကို တစ်နိုင်တစ်ပိုင်တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် သင်တန်းပို့ချခြင်းဖြစ်ကြောင်း ဦးဝင်းလှိုင်ဦးကပြောသည်။

မုံရွာမြို့နယ် ကြီးအုပ်ကျေးရွာနေ တောင်သူဦးဝင်းဇော်ဦးက ခရမ်းချဉ် တန်ဖိုးမြင့်ထုတ်ကုန်သင်တန်း ပေးတာတော့ ကောင်းပါတယ်။ လုပ်ငန်းရှင်တွေကို ထုတ်လုပ်ဖို့ သင်တန်းမှာပါဝင်လာအောင်ဖိတ်သင့်တယ်။ တောင်သူကို နည်းပညာပေးရုံနဲ့တော့ မထူးခြားဘူး။ စိတ်ဝင်စားတဲ့ တောင်သူလောက်ပဲစမ်းလုပ်မှာ။ လုပ်ငန်းရှင်ဆိုတာက ငွေကြေးလည်းတတ်နိုင်တယ်။ ဒီလုပ်ငန်းကိုအဓိကလုပ်တာဆိုတော့ဖြစ်နိုင်တယ်ဟုပြောသည်။ မုံရွာဒေသ၌ ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးသဖြင့် ခရမ်းချဉ်သီးအထွက်နှုန်းလျော့နည်း၍ တစ်ပိဿာကျပ် ၇၀၀ အထိ အရောင်းအဝယ်ဖြစ်ကြောင်း၊ သို့သော် ဈေးကွက်မတည်ငြိမ်မှုကြောင့် ခရမ်းချဉ်စိုက်တောင်သူများ နှစ်စဉ်အရှုံးနှင့် ရင်ဆိုင်ရကြောင်း ၎င်းကပြောသည်။

**Source:** https://7daydaily.com/story/166259

## တရုတ်နိုင်ငံမှ အာလူးမျိုးသန့်တန်ချိန် တစ်ထောင်ဂန်းကျင် တင်သွင်းသွားမည်

တရုတ်နိုင်ငံမှ အာလူးမျိုးသန့် တန်ချိန် တစ်ထောင်ဂန်းကျင်ခန့် ပြည်တွင်းသို့ တင်သွင်းသွားမည်ဖြစ်ကြောင်း ဟဲဟိုးမြို့နယ်၊ အာလူးအစုအဖွဲ့ထံမှ သိရသည်။ လက်ရှိတွင် တရုတ်နိုင်ငံဘက်မှ အာလူးအရွယ်အစားမှာ ကြီးနေသည့်အတွက် ပြည်တွင်း၌ ပြန်လည်ဆွေးနွေး ရမည်ဖြစ်ပြီး၊ ယခုလပတ်တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ အာလူးမှာ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်ရာတွင် မျိုးသန့် ဂယ်ယူမရသည့်အတွက် စားသုံးသည့် အာလူးများကို စိုက်ပျိုးရသဖြင့် အထွက်နှုန်းနှင့် ဈေးကွက်များတွင် မျက်နှာပန်းမလှခြင်းကြောင့် ပြည်ပမှ တင်သွင်းရခြင်းဖြစ် ကြောင်း သိရသည်။ ဟဲဟိုးမြို့နယ်၊ အာလူးအစုအဖွဲ့၊ ဒုတိယဉက္ကဌ ဦးနေဝင်းထွန်းက " အာလူးမျိုးက ပြည်တွင်းမှာ မျိုးမသန့်တော့ ဘူး။ အထွက်နည်းနေတယ်။ ပြီးတော့ သူ့ရဲ့မျိုးရိုးဗီဇ နိမ့်ကျလာတယ်။ ဒီတော့ တစ်ဧကကို ပိဿာချိန် သုံး ထောင်၊ လေးထောင်ကြားပဲ ထွက်တော့တယ်။ အပြင်က မျိုးသန့်ဂယ်တော့ အမြင့်ဆုံး ပိဿာချိန် ကိုးထောင်၊ တစ်သောင်းအထိ အထွက်နှုန်း ရှိတယ်။ အနိမ့်ဆုံးတောင် ပိဿာချိန် ခုနစ်ထောင်အထိ ထွက်တယ်။ အာလူး မျိုးကြီးတယ်ဆိုတာက အာလူးကြီးတော့ ပြန်ခြမ်းစိတ်ရတာတွေ၊ ကုန်ကျစရိတ်ပိုတဲ့အတွက် တောင်သူတွေ သဘောကျ၊ မကျ ပြန်ဆွေးနွေးရမှာပါ " ဟု ပြောသည်။

စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများထံတွင် မျိုးသန့်ဂယ်ယူ မရသည့်အတွက် နှစ်စဉ်နှစ်တိုင်း အခက်အခဲ

ရောက်နေခြင်းကို ဖြေရှင်းနိုင်ရန်အတွက် ပြီးခဲ့သည့်နှစ်မှ စတင်ကာ တရုတ်နိုင်ငံမှ အာလူးမျိုးသန့်များ ဝယ်ယူတင်သွင်းခြင်းဖြစ်ကြောင်းသိရသည်။ ဟဲဟိုးမြို့နယ်မှ အာလူးစိုက်ပျိုးသည့် တောင်သူဦးဇော်လင်းက သီးနှံတွေမှာ အရည်အသွေးနဲ့ အထွက်နှုန်းအပေါ်မူတည်ပြီး ဈေးကွက်ကိုမျှော်လင့်ရတယ်။ ဒါပေမယ့် တောင်သူတွေမှာက မျိုးမသန့်တော့ ဈေးကွက်ကိုမှန်းလို့မရဘူး။ မျိုးသန့်ရမှသာ ဒီစိုက်ပျိုးတဲ့ပြဿနာတွေ ဖြေရှင်းနိုင်မယ်ဟု ပြောသည်။

ပြည်ပမှတင်သွင်းပါက အားလူးတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ခန့် အသားတင်ကျသင့်မည်ဖြစ်ပြီး၊ သယ်ယူစရိတ်၊ တင်သွင်းခွင့်နှင့်အခွန်နှုန်းထားစရိတ်များ မပါဝင်သေးကြောင်းသိရသည်။ ကျွန်တော်တို့ အခွန်နှုန်းထားကိုတော့လျှော့ပေးဖို့ အစိုးရဌာနဆိုင်ရာကို တင်ပြထားတယ်။ လျှော့ပေးရင်တော့ သက်သာမှာပေါ့ဗျာ။ ဘယ်လိုကျသင့်အုံးမလဲတော့မသိသေးဘူးဟု ဦးနေဝင်းထွန်းက ဆက်လက်ပြောသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2437422156343266?__tn__=K-R

## ကမ္ဘာ့ရေနံဈေး မြင့်တက်မှုနှင့်အတူ ပြည်တွင်းစက်သုံးဆီဈေးများ အနည်းငယ်မြင့်တက်လာ




ဆော်ဒီအာရေးဗျနိုင်ငံရှိ ရေနံစက်ရုံများ တိုက်ခိုက်ခံရပြီးနောက် ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်လာမှုနှင့်အတူ ပြည်တွင်းရေနံဈေးနှုန်းမှာလည်း အနည်းငယ်မြင့်တက်လာကြောင်း ဈေးကွက်အတွင်းမှသိရသည်။ စက်တင်ဘာ ၁၄ရက်နေ့က ဆော်ဒီအာရေးဗျနိုင်ငံရှိ ရေနံချက်စက်ရုံများ ဒရုန်းဖြင့်တိုက်ခိုက်ခံရမှုဖြစ်ပြီးနောက်ပိုင်း ရေနံထုတ်လုပ်မှုလျော့ကျကာ စက်တင်ဘာ ၁၆ ရက်နေ့တွင် ကမ္ဘာ့ရေနံဈေးမှာ ၁၀ ရာခိုင်နှုန်းကျော် မြင့်တက် လာခဲ့ကြောင်းသိရသည်။ ကျွန်တော်တို့အဆင့်နဲ့က ဘာမှမသိနိုင်ဘူး။ ပြည်တွင်းရေနံဈေးကတော့ ခုချိန်ထိ ဘာမှ ထူးထူးခြားခြား မတက်သေးပါဘူးဟု မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ ရုံးအဖွဲ့မှူး ဦးဝင်းမြင့်ကဆိုသည်။

ပြည်တွင်းရှိ စက်သုံးဆီဈေးနှုန်းများသည် စက်တင်ဘာလ ၁၅ ရက်နေ့အထိ ဒီဇယ်တစ်လီတာလျှင် ၉၁၀ကျပ်၊ ပရီမီယမ်ဒီဇယ် တစ်လီတာလျှင် ၉၂၀ကျပ်၊ အောက်တိန်း92 တစ်လီတာလျှင် ၈၁၅ကျပ်၊ အောက်တိန်း 95 တစ်လီတာလျှင် ၉၀၅ကျပ် ဈေး ဖြစ်ပေါ်ခဲ့ပြီး၊ စက်တင်ဘာ ၁၆ရက်နေ့တွင် ဒီဇယ်တစ်လီတာလျှင် ၉၃၀ ကျပ် သို့လည်းကောင်း၊ ပရီမီယမ်ဒီဇယ်တစ်လီတာ လျှင် ၉၄၀ကျပ်သို့လည်းကောင်း၊ အောက်တိန်း 92 တစ်လီတာလျှင် ၈၃၀ကျပ် သို့လည်းကောင်း၊ အောက်တိန်း 95 တစ်လီတာလျှင် ၉၂၀ကျပ်သို့လည်းကောင်း ဈေးနှုန်းများမြင့်တက်ခဲ့သည်။

ပြည်တွင်း၌ စက်သုံးဆီဈေးနှုန်းများကို လုပ်ငန်းရှင်များမှ သတ်မှတ်ရောင်းချရာတွင် ကမ္ဘာ့ရေနံပေါက်ဈေး၊ ငွေလဲနှုန်း၊ ပြည်တွင်းရှိဆီလက်ကျန်ပမာဏ ၊ ပြည်ပမှတင်သွင်းဝယ်ယူရောင်းချရသည့် ဆိပ်ကမ်းအရောက် CIF တန်ဖိုး ၊ နိုင်ငံတော်သို့ ပေးသွင်းရသည့် အခွန်အခများ ၊ သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုကုန်ကျစရိတ်များဖြင့် စုပေါင်းတွက်ချက်ကာ ဈေးနှုန်းသတ်မှတ်ရောင်းချခြင်းဖြစ်ကြောင်းသိရသည်။ ဆီဈေးက စက်တင်ဘာလဆန်းကထက်ပိုပြီး တက်လာတယ်။ ဆီဈေးတွေတက်နေပေမယ့် ခရီးသည်ဆီကနေ ဈေးပိုတောင်းလို့မရဘူး။ ခရီးသည်ကတော့ ပုံမှန်ဈေးနဲ့ပဲစီးကြတယ်။ ဆီဈေးတက်တဲ့ကိစ္စကြောင့် တက္ကစီသမားတွေ ဝင်ငွေပိုပြီးထိခိုက်လာတယ်ဟု ရန်ကုန်မြို့တွင်း အငှားယာဉ်မောင်းတစ်ဦးကပြောသည်။

ပြည်တွင်းစက်သုံးဆီဈေးကွက်အတွင်းရောင်းချနေသော စက်သုံးဆီအများစုကို ပြည်ပမှ အများဆုံးမှာယူ တင်သွင်းနေခြင်းဖြစ်ပြီး တစ်လလျှင် ဓာတ်ဆီတန်ချိန် ၂သိန်းဝန်းကျင်နှင့်ဒီဇယ်ဆီတန်ချိန် ၄ သိန်းဝန်းကျင်အပါအဝင် စုစုပေါင်းတန်ချိန်ခြောက်သိန်းဝန်းကျင်ကို ပုံမှန်တင်သွင်းရောင်းချနေခြင်းဖြစ်ကြောင်းသိရသည်။

**Source:** http://www.mizzimaburmese.com/article/60564

## အိန္ဒိယက ပြည်ပပို့ကုန်ကြက်သွန်နီအတွက် အနိမ့်ဆုံးသတ်မှတ်ဈေးတိုးမြင့်

အိန္ဒိယသည် ပြည်ပသို့တင်ပို့သည့် ကြက်သွန်နီအတွက် အနိမ့်ဆုံးသတ်မှတ်ဈေးနှုန်း(အမ်အီးပီ)ကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၅၀ သို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။ ယင်းကြောင့် ကြက်သွန်နီအဝယ်များသည့် ဘင်္ဂလားဒေ့ရှ်ကို သိသိသာသာ ထိခိုက်လာမည်ဖြစ်သည်။ ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်း အိန္ဒိယတဝန်း ကြက်သွန်နီဈေးသည် တစ်ကီလိုဂရမ်လျှင် ရူပီး ၄၀ မှ ၅၀ မြင့်တက်ခဲ့သည်။ အိန္ဒိယတွင် အမ်အီးပီဈေးနှုန်းထက်နည်းသည့် ကြက်သွန်နီများ ပြည်ပတင်ပို့ခွင့်

မရှိချေ။ နောက်ထပ် အမိန့်တစ်စုံတစ်ရာမရမခြင်း ကြက်သွန်နီအမျိုးမျိုးကို ပြည်ပတင်ပို့ရန် အမ်အီးပီ တစ်တန်လျှင် ဒေါ်လာ ၈၅၀ အနည်းဆုံးရှိသည့် ပြည်ပငွေလွှဲစာတမ်း (အယ်လ်စီ)များသာ ပါမစ်ရရှိမည်ဖြစ်ကြောင်း၊ အိန္ဒိယစားသုံးသူရေးရာ၊ အစားအသောက်နှင့်အများပြည်သူဖြန့်ဖြူးရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဓိက စိုက်ပျိုးရေးဒေသများတွင်ပါဝင်သည့် မဟာရာရှာထရာနှင့် ကာနာတာကာပြည်နယ်များတွင် ရေလွှမ်းမိုးမှုကြောင့် ကြက်သွန်နီထုတ်လုပ်မှုကျဆင်းမည်ကို စိုးရိမ်ရခြင်းကြောင့် အိန္ဒိယအစိုးရသည် လွန်ခဲ့သည့်လကပင် ကြက်သွန်နီတင်ပို့မှုကို ကန့်သတ်ရမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကြောင့် အေအဆင့်ကြက်သွန်နီ တစ်ကီလိုဂရမ်လျှင် လက်လီဈေး ရူပီး ၂၃ ဒသမ ၉၀ ဖြစ်စေခဲ့သည်။ ပျမ်းမျှအနေဖြင့် အိန္ဒိယသည် တစ်နှစ်လျှင် ကြက်သွန်နီတန်ချိန် ၁ ဒသမ ၅ သန်း ပြည်ပတင်ပို့ပြီး ထုတ်လုပ်မှုမှာ တစ်နှစ်တန်ချိန် ၁၇ သန်းမှ ၁၈ သန်းခန့် ရှိသည်။

**Source:** https://myanmar.mmtimes.com/news/128435.html

## ရေနံစိမ်းတစည် ဒေါ်လာတစ်ရာအထိ ဈေးတက်လာနိုင်

ဆော်ဒီအာရေးဘီးယားနိုင်ငံက ရေနံလုပ်ငန်းနဲ့ဆိုင်တဲ့ နေရာနှစ်ခုကို စနေနေ့က တိုက်ခိုက်မှုကြောင့် ရေနံစိမ်းတစ်စည် ဈေးဟာ ဒေါ်လာ ၁၀၀ အထိ တက်သွားနိုင်တယ်လို့ လေ့လာသူတွေက သတိပေးလိုက်ပါတယ်။ ဒါ့အပြင် အီရန်နဲ့ အမေရိကန်ကြား စေ့စပ်ညှိနှိုင်းရေးအလားအလာပေါ်လည်း ထိခိုက်သွားတဲ့ပုံရှိပါတယ်။
အီရန်ကပြန်လုပ်လာနေတဲ့ နျူကလီးယားအစီအစဉ် ရပ်တန့်ရေးသဘောတူညီချက်တခုရဖို့ အီရန်ခေါင်းဆောင်တွေပြန်ပြီး ဆွေးနွေးလာအောင် အားပေးတဲ့အနေနဲ့ အီရန်အပေါ်ချမှတ်ထားတဲ့ ဒဏ်ခတ်အရေးယူမှုတွေကို လျှော့ပေါ့ပေးဖို့ သမ္မတ ဒေါ်နယ်လ်ဒ်ထရမ့်ပ်က စဉ်းစားနေချိန်မှာပဲ ဆော်ဒီရေနံလုပ်ငန်းနေရာတွေကို ဒရုံးယာဉ်နဲ့တိုက်ခိုက်တဲ့ဖြစ်ရပ် ပေါ်လာတာပါ။

သမ္မတထရမ့်ပ်က သူ့ရဲ့အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် John Bolton ကို ပြီးခဲ့တဲ့သီတင်းပတ်က ဖြုတ်ပစ်လိုက်တာကြောင့် အမေရိကန်နဲ့အီရန်ကြား အနိမ့်ဆုံးတော့ တင်းမာမှုလျော့သွားတော့မယ်ဆိုတဲ့ မျှော်လင့်ချက်တွေ ထွက်ခဲ့ပါတယ်။ မစ္စတာ Bolton ဟာ သမ္မတထရမ့်ပ်နဲ့နီးစပ်တဲ့ထဲက အီရန်ကို အဆန့်ကျင်ဆုံးတာဝန်ရှိသူဖြစ်တယ်လို့ အီရန် သတင်းစာတွေကဖော်ပြကြပြီး သူပြုတ်သွားတာကိုဝမ်းသာအားရရေးကြပါတယ်။ စနေနေ့က တိုက်ခိုက်မှုကို ယီမင် အခြေစိုက် ဟူသီသူပုန်တွေက သူတို့လက်ချက်လို့ပြောပေမယ့် အမေရိကန်တာဝန်ရှိသူတွေကတော့ အီရန်လက်ချက်လို့ စွပ်စွဲထားပါတယ်။ ဒီတိုက်ခိုက်မှုကို လက်တုန့်ပြန်ဖို့ အမေရိကန်တပ်ဖွဲ့တွေ လုံးဝအဆင်သင့်ဖြစ်နေပြီလို့ သမ္မတထရမ့်ပ်ကလည်း ပြောထားပါတယ်။ အီရန်ကတော့ ဒီစွပ်စွဲချက်ဟာ လုံးဝကိုလိမ်လည်ပြောဆိုတာဖြစ်တယ်လို့ တုံ့ပြန် ငြင်းဆိုထားပါတယ်။

**Source: VOA Burmese News**

https://www.facebook.com/kope.aung

## ရက်ပိုင်းအတွင်း ပြည်တွင်းစက်သုံးဆီဈေးမြင့်တက်လာ

စက်တင်ဘာလဆန်းပိုင်းအထိ ဈေးငြိမ်လျက်ရှိသော ယခုရက်ပိုင်းအတွင်း ကမ္ဘာ့ရေနံစိမ်းဈေး မြင့်တက်လာခြင်းကြောင့် ပြည်တွင်းစက်သုံးဆီဈေးများလည်း မြင့်တက်လာကြောင်း စက်သုံးဆီအရောင်းဆိုင်များထံမှသိရသည်။ ဩဂုတ်လအတွင်း ပြည်တွင်း၌ စက်သုံးဆီ ၁ လီတာ ဈေးနှုန်းများသည် အောက်တိန်း ၉၂ သည် ၇၈၅ ကျပ်၊ အောက်တိန်း ၉၅ သည် ၈၇၅ ကျပ်၊ ဒီဇယ်(550 ppm)သည် ၈၈၀ ကျပ်နှင့် ပရီမီယံဒီဇယ်သည် ၈၉၀ ကျပ်ရှိခဲ့ရာမှ စက်တင်ဘာလ ၁၆ ရက် တွင် အောက်တိန်း ၉၂ သည် ၈၃၀ ကျပ်၊ အောက်တိန်း ၉၅ သည် ၉၂၀ ကျပ်၊ ဒီဇယ် (550 ppm) သည် ၉၃၀ ကျပ် နှင့် ပရီမီယံဒီဇယ်သည် ၉၄၀ ကျပ် အထိသို့ မြင့်တက်လာသည်။

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း ပြန်လည်မြင့်တက်နေချိန်တွင် စက်တင်ဘာလ ၁၄ ရက်နေ့၌ ကမ္ဘာ့ရေနံတင်ပို့နေသည့် နိုင်ငံတခုဖြစ်သော ဆော်ဒီအာရေဗျနိုင်ငံ၏ ရေနံချက်စက်ရုံနှင့် ရေနံလုပ်ကွက်များကို မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခံရမှု ဖြစ်ပွားခြင်းကြောင့်လည်း ကမ္ဘာ့ရေနံစိမ်း ၁ စည်ဈေးနှုန်းသည် ယခင်ထက် အမေရိကန်ဒေါ်လာ ၅၉ ဒေါ်လာကျော်အထိ ဈေးတက်လာခဲ့ပြီး ယခင်ကထက် ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာလျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံသို့ စက်သုံးဆီတင်သွင်းနေသော စင်ကာပူနိုင်ငံတွင်လည်း ရေနံစည် ၁ စည်ဈေးနှုန်းသည် စင်ကာပူဒေါ်လာ ၈၀

ကျော်အထိ စျေးနှုန်းမြင့်တက်လျက်ရှိပြီး ယင်းစျေးနှုန်းသည် ပြီးခဲ့သည့်ရက်ပိုင်းကထက် စင်ကာပူ ဒေါ်လာ ၅ ဒေါ်လာ ကျော် မြင့်တက်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် စက်သုံးဆီကို စင်ကာပူနိုင်ငံမှတင်သွင်းပြီး ပြည်တွင်း၌ ပြန်လည်ရောင်းချရခြင်းကြောင့် စင်ကာပူနိုင်ငံ၏ စျေးနှုန်းမြင့်တက်လာပါက ပြည်တွင်းစျေးနှုန်းလည်းတက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေး အသင်း၏ရုံးအဖွဲ့မှူး ဦးဝင်းမြင့်က ဧရာဝတီသို့ပြောသည်။ ၎င်းက တခြားကမ္ဘာ့ကိစ္စတွေကတော့ ကျနော်တို့ ဉာဏ်မမီပါဘူး။ အဓိကက စင်ကာပူစျေးနှုန်းတက်ရင် ကျနော်တို့ဆီမှာလည်းတက်မယ်။ သူတို့မတက်ရင် မတက်ဘူး။ နောက်တော့လည်း ကိစ္စတွေပြန်ငြိမ်သွားရင် စျေးကပြန်ငြိမ်သွားမှာပါပဲဟုဆိုသည်။

ကမ္ဘာ့ရေနံစိမ်းစျေးသည် ဆက်တိုက မြင့်တက်နေခြင်းကြောင့် စက်တင်ဘာလ ၁၆ ရက် ၁ ရက်တည်းတွင် နှစ်ကြိမ်ခန့် အထိ စျေးနှုန်းအပြောင်းအလဲရှိခဲ့ပြီး စက်သုံးဆီ ၁ လီတာ စျေးနှုန်းများသည် အောက်တိန်း ၉၂ သည် ၈၃၅ ကျပ်၊ အောက်တိန်း ၉၅ သည် ၉၂၅ကျပ်၊ ဒီဇယ် (550 ppm) သည် ၉၃၀ ကျပ်နှင့် ပရီမီယံဒီဇယ် သည် ၉၄၀ ကျပ် အထိ မနက်ပိုင်းက စျေးနှုန်းများထက် ၁၀ ကျပ် အထိ ထပ်မံ မြင့်တက်ခဲ့ကြောင်း စက်သုံးဆီ အရောင်းဆိုင်များထံက သိရသည်။ စက်သုံးဆီ လက်လီလက်ကားလုပ်ငန်း လုပ်ကိုင်နေသော Best Oil ကုမ္ပဏီ (BOC) မှ တာဝန်ရှိသူတဦးက အခုက ကမ္ဘာ့ အခြေအနေတွေကြောင့် ကမ္ဘာ့စျေးနှုန်းတက်နေတာရယ် တချို့က ပစ္စည်းပြတ်မှာစိုးရိမ်တဲ့အတွက် အဝယ်လိုက်နေလို့ စျေးက လိုက်တက်နေတာဟု ဧရာဝတီသို့ပြောသည်။ ၎င်းက ဒီတပတ်လောက်ကတော့ ထိန်းရောင်းနေကြဦးမှာပါ။ ဆော်ဒီကိစ္စကနေ တခြားကိစ္စတွေ ထပ်ဖြစ်လာရင်တော့ ပြည်တွင်း စက်သုံးဆီစျေးအပေါ်ကိုလည်း လာရိုက်ခတ်လိမ့်မယ်ဟုဆိုသည်။ လက်ရှိအချိန်တွင် ပြည်တွင်းစက်သုံးဆီရောင်းချနေသူများထံတွင် ဆီလက်ကျန်များနေသေးပါက စျေးနှုန်းများကို ထိန်းညှိရောင်းချနိုင်မည်ဖြစ်သော်လည်း ဆီလက်ကျန်နည်းသွားပြီး ယခုအတက်စျေးဖြင့် စက်သုံးဆီများတင်သွင်းရောင်းချရပါက စက်သုံးဆီစျေးနှုန်းများသည်လည်း ဆက်တိုက် မြင့်တက်လာနိုင်ကြောင်း စက်သုံးဆီ စျေးကွက်အတွင်းက သိရ သည်။

ပြည်တွင်း စက်သုံးဆီစျေးနှုန်း အတက်အကျမှာ ကမ္ဘာ့ပေါက်စျေးနှုန်း အတက်အကျများနှင့် ရက်ပိုင်းခန့်ကွာခြားလျက်ရှိပြီး စက်သုံးဆီဆိုင်များသည် ကမ္ဘာ့စျေးနှုန်းမြင့်တက်နေသော်လည်း အကျစျေးနှုန်းများဖြင့် ဝယ်ထားပြီးသော စက်သုံးဆီများကို၊ စျေးနှုန်းအနည်းငယ်သာတက်၍ ရောင်းချကြကာ အတက်စျေးဖြင့်ဝယ်ယူထားသည့် စက်သုံးဆီများကိုသာ စျေးနှုန်းလိုက်တက်ရောင်းချလေ့ရှိကြောင်း မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းကပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတခုတွင် တာဝန်ရှိသူများကပြောဆိုထားသည်။

မြန်မာနိုင်ငံသည် ရေနံထွက်ရှိသော်လည်း နည်းပညာအခက်အခဲနှင့် အရင်းအနှီးအခက်အခဲများကြောင့် စက်သုံးဆီ မထုတ်လုပ်နိုင်ခြင်းနှင့် ပမာဏများများသိုလှောင်နိုင်မည့် သိုလှောင်ကန်များမရှိခြင်းတို့ကြောင့် ပြည်ပ၌ပြဿနာရပ်တစုံတရာဖြစ်ပေါ်တိုင်း ပြည်တွင်းစက်သုံးဆီစျေးနှုန်းအပေါ် လာရောက်ရိုက်ခတ်လေ့ရှိကြောင်းသိရသည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်း၌လည်း ပြည်တွင်းစက်သုံးဆီစျေးနှုန်းများသည် အမေရိကန်ဒေါ်လာစျေးမြင့်တက်မှုကြောင့် ၁ လီတာကို ကျပ် ၁၀၃၅ မှ ၁၁၀၀ ဝန်းကျင်အထိ စံချိန်တင်မြင့်တက်ခဲ့ဖူးသည်။

**Source: The Irrawaddy - Burmese Edition**

https://www.facebook.com/dootcheck.aleksander/posts/2352086245044652

## တန်ဖိုးသင့်တင့်အိမ်ရာအပြီးသတ်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေးအတွက် အိန္ဒိယအစိုးရ ရန်ပုံငွေထုထောင်

မပြီးစီးသေးသည့် တန်ဖိုးသင့်တင့်နှင့် လူလတ်တန်းစားများအတွက် အိမ်ရာစီမံကိန်းများကို အပြီးသတ်ရန်အတွက် ရူပီး ၁၀၀ ဘီလီယံ( ဒေါ်လာ ၁ ဒသမ ၄၁ ဘီလီယံ) ပါဝင်သည့် ရန်ပုံငွေတစ်ရပ်ကို ထူထောင်လိုက်ပြီ ဖြစ်ကြောင်း အိန္ဒိယ ဘဏ္ဍာရေးဝန်ကြီး နီမာလာဆီသာရာမန်က ပြောဆိုခဲ့သည်။

အိန္ဒိယစီးပွားရေးတိုးတက်မှုသည် ခြောက်နှစ်တာကာလအတွင်း အနိမ့်ဆုံးသို့ကျဆင်းနေချိန်တွင် ပို့ကုန်တိုးတက်လာစေရေးအတွက်လည်း စီမံကိန်းများချမှတ်ထားကြောင်း ဆီသာရာမန်ကပြောဆိုခဲ့သည်။ အစိုးရသည် ချေးငွေထုတ်ပေးမှုဆိုင်ရာစည်းမျဉ်းများကို ဖြေလျှော့ပေးမည်ဖြစ်သောကြောင့် ဘဏ်များအနေဖြင့် ပို့ကုန်လုပ်ငန်းရှင်များကို ချေးငွေများ လွယ်လွယ်ကူကူထုတ်ပေးနိုင်တော့မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောဆိုခဲ့သည်။ အိန္ဒိယ၏ပို့ကုန်ပမာဏသည် ဩဂုတ်တွင် ခြောက်ရာခိုင်နှုန်းကျဆင်းခဲ့သည်။ အစိုးရ၏ယခုထုတ်ပြန်ချက်သည် ပို့ကုန်လုပ်ငန်းရှင်များအတွက် သတင်းကောင်းဖြစ်ကြောင်း အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များ အသင်း၏ဥက္ကဋ္ဌ ရှာရတ်ကူးမားဆာရက်ဖ်ကပြောဆိုခဲ့သည်။

**Source:The Myanmar Times**

## ကမ္ဘာ့ရေနံဈေးတစ်စည် ဒေါ်လာ ၆၀ ဝန်းကျင်အထိ မြင့်တက်လာပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ တစ်လကျော်အတွင်း တစ်လီတာ ၄၅ ကျပ်မှ ကျပ် ၅၀ အထိ ဆက်လက်မြင့်တက်

ကမ္ဘာ့ရေနံဈေး ဒေါ်လာ ၆၀ ဝန်းကျင်အထိ မြင့်တက်လာပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ တစ်လကျော်အတွင်း တစ်လီတာ ၄၅ ကျပ်မှ ကျပ် ၅၀ အထိဆက်လက်မြင့်တက်ခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများအရသိရသည်။ ကမ္ဘာ့ရေနံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၇၆ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ထို့နောက် ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ရာ ဒီဇင်ဘာ ၂၄ ရက် တွင် ၄၂ ဒေါ်လာဝန်းကျင်အထိ ရောက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ၅၄ ဒေါ်လာဝန်းကျင်၊ ဇန်နဝါရီ ၂၉ ရက်တွင် ၅၂ ဒေါ်လာ၊ မတ် ၂၀ ရက်တွင် ဒေါ်လာ ၆၀၊ ဧပြီ ၁၆ ရက်တွင် ၆၄ ဒေါ်လာ၊ ဧပြီ ၂၃ ရက် တွင် ၆၆ ဒေါ်လာအထိ ပြန်တက်ခဲ့သည်။ ထို့နောက် ဇွန် ၁၂ ရက် တွင် ၅၁ ဒေါ်လာအထိ ကျဆင်းခဲ့ပြီး ဇူလိုင် ၁၀ ရက်တွင် ဒေါ်လာ ၆၀ အထက် ပြန်ရောက်ခဲ့ကာ ဩဂုတ် ၇ ရက် တွင် ၅၁ ဒေါ်လာအထိ ပြန်ကျခဲ့သည်။ စက်တင်ဘာ ၃ ရက်တွင် ၅၃ ဒေါ်လာဝန်းကျင်အထိ ကျဆင်းခဲ့ပြီး စက်တင်ဘာ ၁၆ ရက်တွင် ဒေါ်လာ ၆၀ ဝန်းကျင်အထိ မြင့်တက်ခဲ့သည်။

ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် ဇန်နဝါရီလဆန်းမှ မေလကုန်ပိုင်းအထိ ခြောက်လနီးပါးအတွင်း တစ်လီတာ ကျပ် ၁၆၀ မှ ၂၅၅ ကျပ်အထိ ဆက်တိုက်မြင့်တက်ခဲ့ပြီး စက်သုံးဆီအမျိုးအစားအလိုက် ၁၈ ရာခိုင်နှုန်းကျော်မှ ၃၆ ရာခိုင်နှုန်းကျော်အထိ မြင့်တက်ခဲ့သည်။ ထို့နောက် ကမ္ဘာ့ရေနံဈေး ကျဆင်းမှုကြောင့် မေ ၃၀ ရက်မှ ဇွန် ၂၁ ရက် အတွင်း စက်သုံးအမျိုးအစားအလိုက် ၁၁ ရာ ခိုင်နှုန်းကျော်မှ ၁၄ ရာခိုင်နှုန်းကျော်အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၉ ရက်အထိ စက်သုံးဆီဈေးနှုန်းများ သုံးရာခိုင်နှုန်းကျော်မှ လေးရာခိုင်နှုန်းကျော်အထိ ပြန်တက်ခဲ့သည်။ ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အတွင်း သုံးရာခိုင်နှုန်းကျော်မှ ငါးရာခိုင်နှုန်းကျော်အထိ ဈေးနှုန်းများပြန်ကျလာပြီး ဩဂုတ် ၁၅ ရက်မှစတင်ကာ စက်သုံးဆီဈေး အနည်းငယ်ပြန်တက်လာခြင်းဖြစ်သည်။ ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်းအပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်လမှအောက်တိုဘာအထိ လေးလကျော်အတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်းကျော်အထိ မြင့်တက်ခဲ့ပြီး တစ်လီတာ စံချိန်တင်ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိ ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စံချိန်တင်ဈေးနှုန်းနောက်ပိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အနိမ့်ဆုံးဈေးနှုန်းအဖြစ် ဒီဇယ်တစ်လီတာ ကျပ် ၈၅၀ (တစ်ဂါလန် ၃၈၅၉ ကျပ်) ပရီမီယံဒီဇယ် တစ်လီတာ ၈၅၅ ကျပ် (တစ်ဂါလန် ၃၈၈၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၆၇၀ (တစ်ဂါလန် ၃၀၄၁ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ကျပ် ၇၃၀ (တစ်ဂါလန် ၃၃၁၄ ကျပ်) အထိကျဆင်းခဲ့သည်။

၂၀၁၉ ခုနှစ်အတွင်း လအလိုက်၊ စက်သုံးဆီဈေးနှုန်း (လီတာ) များအလိုက် မြင့်တက်ခဲ့သော ပမာဏများမှာ ဇန်နဝါရီတွင် ၂၅ ကျပ်မှ ကျပ် ၆၀ အထိ၊ ဖေဖော်ဝါရီတွင် ကျပ် ၄၀၊ မတ်တွင် ၅၅ ကျပ်မှ ကျပ်၈၀ အထိ၊ ဧပြီတွင် ၃၅ ကျပ်မှ ၆၅ ကျပ်အထိ ဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ပြီး မေတွင် အတက်အကျနည်းပါးခဲ့ကာ ဇွန် (၂၁ ရက် အထိ) တွင် ကျပ် ၁၁၀ မှ ကျပ် ၁၃၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ထို့နောက် ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၅ ရက်အတွင်း တစ်လီတာ ၃၅ ကျပ် ပြန်လည်မြင့်တက်ခဲ့ပြီး ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အထိ တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၅၀ အထိ ပြန်လည်ကျဆင်းခဲ့ကာ ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၁၆ ရက် အထိ တစ်လီတာ ၄၅ ကျပ်မှ ကျပ် ၅၀ အထိ ပြန်တက်ခဲ့ခြင်းဖြစ်သည်။

**Source: Eleven Media Group**

https://www.facebook.com/dootcheck.aleksander/posts/2351969665056310

# STOCK EXCHANGE (17.9.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 17th Sep. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 11,500 | 12,000 | 11,500 | 2,159 | 25,647,500 | 27,112,747 | 325,353 |
| MTSH | 00002 | 4,400 | -100 | -2.22% | 4,500 | 4,500 | 4,400 | 2,227 | 9,981,600 | 38,929,150 | 171,288 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 26,000 | +1,000 | +4.00% | 26,000 | 26,000 | 26,000 | 286 | 7,436,000 | 2,472,053 | 64,273 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,000 | 3,050 | 3,000 | 4,145 | 12,448,250 | 12,823,224 | 39,111 |

## Market summary

As of 17th Sep. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 500.48 | +8.86 | +1.80% | 492.95 | 502.85 | 492.95 | 8,817 | 55,513,350 | 5 | 685,313 |

### Index chart




# Market Overview

As of 1:00 pm, 17th Sep. 2019

| MYANPIX | 500.48 ▲ 8.86 |
|---|---|
| Total Volume (shares) | 8,817 |
| Total Value (MMK) | 56 mil |
| Listed Company | 5 |
| Market Cap. (MMK) | 685,313 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 4,400 | ▼ 100 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 26,000 | ▲ 1,000 |
| TMH | 00005 | 3,050 | ▲ 0 |